# လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများဆိုင်ရာ လမ်းညွှန်ချက်

**လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများသည်** အလားအလာ အလွန်ကောင်းပြီး ထူးချွန်ထက်မြက်သော ကျောင်းသားများကို စုစည်းထားသည့် အရည်အသွေးမြင့် ကျောင်းအခင်းအကျင်း ဖြစ်သည်။

အရည်အချင်း တူညီသော အတန်းဖော်များနှင့် အတူတကွ ပညာသင်ယူရခြင်းသည် ကျောင်းသား၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းကျိုးချမ်းသာကို အထောက်အကူ ပြုသည်။

ကျောင်းသားများအနေဖြင့် NSW သင်ရိုးညွှန်းတမ်းအတိုင်း ဆက်လက်သင်ယူရမည် ဖြစ်သော်လည်း ဆရာ၊ ဆရာမများသည် အလားအလာကောင်းပြီး ထူးချွန်သော ကျောင်းသားအများအတွက် အထူးသင်ကြားရေး နည်းဗျူဟာများကို အသုံးပြုနိုင်ပါသည်။

လူရည်ချွန် အထက်တန်းကျောင်းများ တွင် ကျား/မ အတူ တက်ရောက်နိုင်သည့် အခွင့် ရေး ရှိပြီး ကျောင်းသား/သူ တူညီသည့် နေရာရရှိနိုင်သည်။

## လူရည်ချွန် အထက်တန်းကျောင်းများ

လူရည်ချွန် အထက်တန်းကျောင်း အမျိုးအစား (၄) ခုရှိသည် -

- **လူရည်ချွန်များသာ တက်ရောက်ခွင့်ရှိသည့် အထက်တန်းကျောင်းများ** - ဤကျောင်းများမှ ကျောင်းသားအားလုံးကို ဝင်ခွင့်စာမေးပွဲအပေါ် အခြေခံပြီး ရွေးချယ်ထားခြင်း ဖြစ်သည်။
- **လူရည်ချွန်များရော၊ လူရည်ချွန်မဟုတ်သူများပါ တက်ရောက်ခွင့်ရှိသည့် အထက်တန်းကျောင်းများ** - ဤကျောင်းများတွင် လူရည်ချွန် ကျောင်းသားများနှင့် ဒေသခံ ကျောင်းသားများ ရောနှော တက်ရောက်ခွင့်ရှိသည်။
- **စိုက်ပျိုးရေး လူရည်ချွန် အထက်အတန်းကျောင်း** - ဤကျောင်းများသည် စိုက်ပျိုးရေး ပညာရပ်ကို အဓိကထားသည့် ကျောင်းများဖြစ်ပြီး ကျောင်းသားအားလုံးကို ၎င်းတို့၏ ပညာ အရည်အချင်းအလိုက် ရွေးချယ်ထားခြင်း ဖြစ်သည်။ ဤကျောင်းများအနက် အချို့ကျောင်းများသည် ကျောင်းသားများအား ကျောင်းတွင် နေထိုင်နိုင်သည့် ဘော်ဒါဆောင်များလည်း ဖန်တီးပေးထားသည်။
- Aurora College - ၎င်းတို့သည် အွန်လိုင်းမှ သင်ကြားပေးသည့် လူရည်ချွန်သင်တန်းများ ဖြစ်ကြသည်။ အဆိုပါသင်တန်းများကို ကျေးလက်ဒေသနှင့် ဝေလံခေါင်ဖျား ဒေသများရှိ ဒေသခံ အစိုးရ အထက်တန်းကျောင်းများက သင်ကြားပို့ချခြင်း ဖြစ်သည်။

## ထူးချွန်သင်တန်းများ

ထူးချွန်သင်တန်းများသည် Year 5 နှင့် Year 6 အတန်းများမှ အလားအလာ အလွန်ကောင်းပြီး ထူးချွန်ထက်မြက်သော ကျောင်းသားအများအတွက် ပို့ချပေးခြင်း ဖြစ်သည်။ NSW ပြည်နယ်တဝှမ်းရှိ အစိုးရ မူလတန်းကျောင်း အများအပြားတွင် အဆိုပါ သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။

Aurora College သည် ကျေးလက်ဒေသနှင့် ဝေလံခေါင်ဖျား ဒေသများမှ ကျောင်းသားများအတွက် ၎င်းတို့၏ ဒေသတွင်း မူလတန်းကျောင်းများတွင် ထူးချွန်သင်တန်းများကို အွန်လိုင်းမှတဆင့် ပို့ချပေးလျက်ရှိသည်။

## လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများ တည်ရှိသည့် နေရာများ

လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများကို NSW ပြည်နယ်ရှိ မြို့ပြ ဒေသတွင်းနှင့် ကျေးလက်ဒေသ အနှံ့အပြားတွင် တက်ရောက်နိုင်သည်။ သင့် အနီးအနားရှိ ကျောင်းကို ရှာဖွေရန် အောက်ပါမြေပုံကို ကြည့်ပါ။

- လူရည်ချွန် အထက်တန်းကျောင်းများ ကိုရှာရန်
- ထူးချွန်သင်တန်းများ ကိုရှာရန်


CC BY

# မိမိ၏ ကလေးနှင့် သင့်တော်ကိုက်ညီမှု ရှိ၊ မရှိ သိရှိနိုင်မည့် နည်းလမ်းများ

သင့်ကလေးသည် -

- စာသင်ရ သည်ကို ပျော်မွေ့ခြင်း၊
- စူးစမ်းလိုစိတ် ပြင်းပြခြင်း၊
- မှတ်ဉာဏ်ကောင်းကြောင်း ပြသခြင်း၊
- ရှုပ်ထွေးသော မေးခွန်းများကို မေးမြန်းခြင်း၊
- အကြောင်းအရာ အသစ်များကို သင်ယူရာတွင် ထပ်တလဲလဲ သင်ရန် သိပ်မလိုအပ်ခြင်း
- တီထွင်ကြံဆမှုရှိသော တွေးခေါ်ပုံများကို ပြသခြင်း၊
- ၎င်းတို့ စိတ်ဝင်စားသည့် သို့မဟုတ် ဝါသနာထုံသည့် နယ်ပယ်ကို ပြင်းပြထက်သန်စွာ အာရုံစိုက်လာခြင်း၊

သင့်ကလေးတွင် ဖော်ပြပါ အချက်တချို့ရှိနေပါက လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများကို တက်ရောက်ရန် သင့်လျော်ပါသည်။

# လျှောက်ထားနည်း

မိဘများအနေဖြင့် လျှောက်လွှာတင်ရမည့် ကာလအတွင်း shsoc.education.nsw.gov.au ဝက်ဆိုက်တွင် အွန်လိုင်းမှ လျှောက်ထားနိုင်သည်။

## ၂၀၂၇ ခုနှစ်အတွက် လူရည်ချွန် အထက်တန်းကျောင်း သို့မဟုတ် ထူးချွန်သင်တန်း ဝင်ခွင့်

၂၀၂၇ ခုနှစ်အတွက် ဝင်ခွင့်ကာလမှာ **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့**အထိ ဖြစ်သည်။

### ကလေး ဘယ်နှစ်တန်းတွင် ဝင်ခွင့် လျှောက်ထားရမလဲ

**ထူးချွန်သင်တန်းများ**

မိဘများအနေဖြင့် ၎င်းတို့၏ ကလေးသည် ၂၀၂၅ ခုနှစ်တွင် Year 3 ပြီးဆုံးခါနီးလျှင် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်တွင် Year 4 စတင်တက်ရောက်နေလျှင်ဖြစ်စေ လျှောက်ထားနိုင်သည်။

**လူရည်ချွန် အထက်တန်းကျောင်း**

မိဘများအနေဖြင့် ၎င်းတို့၏ ကလေးသည် ၂၀၂၅ ခုနှစ်တွင် Year 5 ပြီးဆုံးခါနီးလျှင် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်တွင် Year 6 စတင်တက်ရောက်နေလျှင်ဖြစ်စေ လျှောက်ထားနိုင်သည်။

ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ရှိ

ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ရှိ လျှောက်ထားနည်းအကြောင်းကို (application process) နှင့် နေထိုင်ရေး လိုအပ်ချက်များအကြောင်းကို ထူးချွန်သင်တန်း လျှောက်ထားခွင့်ရှိသူများ (who can apply for opportunity classes) နှင့် လူရည်ချွန်အထက်တန်းကျောင်းသို့ လျှောက်ထားခွင့်ရှိသူများ (who can apply for selective high schools) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ဝင်ခွင့်စာမေးပွဲ

လျှောက်ထားပြီးလျှင် သင့်ကလေးသည် စာမေးပွဲ ဖြေဆိုရမည် ဖြစ်သည်။ စာမေးပွဲရမှတ်အပေါ် မူတည်ပြီးမှ ကျောင်းသားများကို ဝင်ခွင့်အတွက် ရွေးချယ်ခြင်း ဖြစ်သည်။

## စာမေးပွဲ ဖြေဆိုရမည့် အချိန်

လူရည်ချွန် အထက်တန်းကျောင်းများ စာမေးပွဲကို ၂ ရက်အတာတွင်း ဖြေဆိုနိုင်သည် -

**လူရည်ချွန် အထက်တန်းကျောင်းများ စာမေးပွဲက - ၂၀၂၆ ခုနှစ် မေလ ၁ ရက်(သောကြာနေ့) မှ ၂၀၂၆ ခုနှစ် မေလ ၂ ရက် (စနေနေ့)**

**ထူးချွန်သင်တန်းများ - ၂၀၂၆ ခုနှစ် မေလ ၈ ရက်(သောကြာနေ့) မှ ၂၀၂၆ ခုနှစ် မေလ ၉ ရက် (စနေနေ့)**

ကျောင်းသားများသည် တရက်သာ ကွန်ပျူတာ အခြေခံသည့် စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုရန်အတွက် ကိုယ်ပိုင်ကွန်ပျူတာ ယူလာရန် **မလိုအပ်ပါ**။

## စာမေးပွဲတွေကို ဘယ်မှာကျင်းပမလဲ?

စာမေးပွဲများကို NSW ပြည်နယ် ဆိုင်ရာ ဒေသ အစိုးရကျောင်း များတွင် အများအားဖြင့်ကျင်းပပါသည်။ ကျောင်းသားများကို ၎င်းတို့ တက်ရောက်သည့်ကျောင်းပေါ် မူတည်ပြီး ဖြေဆိုမည့်နေရာကိုချပေးမည်။ မိဘများသည် စာမေးပွဲဖြေဆိုမည့်နေ့များတွင် မိမိတို့၏ကလေးများကို စာမေးပွဲစစ်သည့် နေရာသို့ပို့ပေးရမည်။ New paragraph

## စာမေးပွဲတွင် မေးမြန်းသည့် အကြောင်းအရာများ

စာမေးပွဲအတွင်း ကျောင်းသားများက မိမိတို့ ဖတ်ရှုထားသည့် အကြောင်းအရာများကို နားလည်သဘောပေါက်မှု အတိုင်းအတာ၊ သင်္ချာကို အသုံးချ၍ ဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် တွေးခေါ်နိုင်စွမ်းတို့ကို အကဲဖြတ်ခြင်းဖြစ်သည်။ လူရည်ချွန် အထက်တန်းကျောင်းသို့ လျှောက်ထားသူများမှာ ၎င်းတို့၏ စာအရေးအသားစွမ်းရည်ကိုလည်း စမ်းသပ်စစ်ဆေး ခံရမည် ဖြစ်သည်။

ပိုမိုသိရှိလိုပါက နေရာချထားခြင်း စီစစ်ခြင်း (Placement test) တွင် ကြည့်ရှုပါ။

## ကလေး၏ စာမေးပွဲ ရလဒ်ကို သိရှိနိုင်မည့် အချိန်

သင့်ကလေး စာမေးပွဲဖြေဆိုပြီးနောက် Term 3 တွင် စာမေးပွဲ ရမှတ်များနှင့် နောက်ထပ် လုပ်ဆောင်ရမည့် အချက်များပါဝင်သည့် အီးမေးလ်တစောင် လက်ခံ ရရှိမည်ဖြစ်သည်။ သင့်ကလေး ဝင်ခွင့်ရရှိပါက ကျောင်းအပ်နှံရမည့် နည်းလမ်းဆိုင်ရာ အချက်အလက်များကို လက်ခံရရှိမည် ဖြစ်သည်။

## မျှတသော ဝင်ခွင့်ပုံစံ

မျှတသော ဝင်ခွင့်ပုံစံ (Equity Placement Model) သည် ကျောင်းသားအားလုံး လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများသို့ မျှမျှတတ ဝင်ခွင့်ရရှိစေရန် ကူညီပေးပါသည်။

ဤပုံစံအရ အထက်တန်းကျောင်းနှင့် ထူးချွန်သင်တန်း အသီးသီးတွင် ဝင်ခွင့်အရေအတွက်၏ ၂၀ ရာခိုင်နှုန်းအထိကို အလားအလာအလွန်ကောင်းပြီး ထူးချွန်ထက်မြက်သော အောက်ပါ ကျောင်းသားများအတွက် ချန်လုပ်ထားပါသည်။

- လူမှုရေး-ပညာရေး အားနည်းချက်ရှိသော ဒေသများမှ လာသူများ၊
- ဌာနေတိုင်းရင်းသား နှင့်/သို့မဟုတ် တောရက်စ်ရေလက်ကြားကျွန်းသား အနွယ်များ၊
- ကျေးလက်ဒေသနှင့် ဝေးလံခေါင်းဖျား ဒေသမှ လာသူများ၊
- မသန်စွမ်း ကျောင်းသားများ။

ချန်လုပ်ထားသည့် နေရာများကို ကျောင်းသားများ၏ ဝင်ခွင့်စာမေးပွဲ ရမှတ်အပေါ် မူတည်၍ ပေးအပ်ခြင်းဖြစ်သည်။

ပိုမိုသိရှိလိုပါက တရားမျှတ စွာရရှိရေး (Fair Access) တွင် ကြည့်ရှုပါ။

**NSW ပြည်နယ်ရှိ အစိုးရကျောင်းအားလုံးမှ ထူးချွန်ကျောင်းသားများကို ပံ့ပိုးကူညီခြင်း**

လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများသည် NSW ပညာရေးဌာနက အလားအလာ အလွန်ကောင်းပြီး ထူးချွန်ထက်မြက်သော ကျောင်းသားများကို ပံ့ပိုးကူညီသည့် နည်းလမ်းများထဲမှ တစ်ခုသာ ဖြစ်သည်။

အလားအလာ အလွန်ကောင်းပြီး ထူးချွန်ထက်မြက်သော ကျောင်းသားများအား ၎င်းတို့၏ အရည်အချင်းများ အပြည့်အဝ ပေါ်ထွက်လာစေရန် NSW အစိုးရကျောင်းအားလုံးတွင် ပံ့ပိုးကူညီပေးပါသည်။ ဌာန၏ အလားအလာကောင်းနှင့် ထူးချွန်ပညာရေး မူဝါဒအကြောင်း ပိုမိုသိရှိလိုပါက (High Potential and Gifted Education Policy) တွင် ကြည့်ရှုပါ။

CC BY

## အချက်အလက်များ ပိုမိုသိရှိလိုပါက

အသေးစိတ် အချက်အလက်များကို ပိုမိုသိရှိနိုင်ရန် အောက်ပါ ဝက်ဘ်ဆိုက်စာမျက်နှာများတွင် ဝင်ရောက်ကြည့်ရှုပါ။

## မိဘနှင့် အုပ်ထိန်းသူများအတွက် ဝက်ဘ်ဆိုက်စာမျက်နှာများ

- **လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများ -** education.nsw.gov.au/shs-oc
- **လူရည်ချွန် အထက်တန်းကျောင်းများ -** education.nsw.gov.au/shs-yr7
- **ထူးချွန်သင်တန်းများ -** education.nsw.gov.au/oc

## ကျောင်းသားများအတွက် ဝက်ဘ်ဆိုက်စာမျက်နှာများ

- **လူရည်ချွန် အထက်တန်းကျောင်းများနှင့် ထူးချွန်သင်တန်းများ -** edu.nsw.link/shs-oc-students
- **ထူးချွန်သင်တန်းများသို့ လျှောက်ထားခြင်း -** ကျောင်းသားများအတွက် ပင်မ အချက်အလက် အရင်းအမြစ် - edu.nsw.link/OChub
- **လူရည်ချွန် အထက်တန်းကျောင်းများသို့ လျှောက်ထားခြင်း -** ကျောင်းသားများအတွက် ပင်မ အချက်အလက် အရင်းအမြစ် - edu.nsw.link/SHShub

## လူမှုကွန်ရက် မီဒီယာများ

ကျွန်ုပ်တို့ ဌာန၏ တရားဝင် Facebook အဖွဲ့သို့ ဝင်ရောက်ရန် -

- **လူရည်ချွန် အထက်တန်းကျောင်း ဝင်ခွင့် -** edu.nsw.link/shs-fb
- **ထူးချွန်သင်တန်းများ -** edu.nsw.link/oc-fb

## ဆက်သွယ်ရန်

လူရည်ချွန်ပညာရေးဌာန (Selective Education Team) အဖွဲ့ သို့ ဆက်သွယ်ရန် -

**အီးမေးလ် -** set@det.nsw.edu.au

**ဖုန်း -** 1300 880 367

**တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု - 131 450**

ဆက်သွယ်စုံစမ်းရာတွင် ကူညီရန် စကားပြန်လိုအပ်ပါက တယ်လီဖုန်းစကားပြန် ဝန်ဆောင်မှုသို့ ဖုန်းခေါ်ဆိုပြီး ဖုန်းလက်ခံဖြေဆိုသူအား အောက်ပါတို့ကို ပြောပြပါ -

- သင် လိုအပ်သည့် ဘာသာစကား
- သင် ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်

ဖုန်းလက်ခံဖြေဆိုသူက လူရည်ချွန်ပညာရေးဌာန အဖွဲ့ ဖုန်းနံပါတ် (1300 880 367) သို့ ခေါ်ဆိုပေးမည် ဖြစ်ပြီး သင် စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် သင့်ထံမှ အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။